## ၂၀၁၉ခုနှစ် ၊ ဗဟိုအဆင့်ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားမှတ်တမ်း

မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်းသည် ဗဟိုအဆင့် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အခမ်းအနားကို (၂၀၁၉)ခုနှစ်၊ အောက်တို ဘာလ(၁၀)ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိမြို့တော်ခန်းမတွင် ကျင်းပပြုလုပ် ခဲ့ပါသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးကအဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ယင်းနောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာအောင်မိုးညို မှ ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့နှင့် ပတ်သက်၍ အမှာစကားပြောကြားခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဖိတ်ကြားထားသောဧည့်သည်တော်များသည် ခင်းကျင်းပြသထားသောကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့အထိမ်းအမှတ် ဓာတ်ပုံပြခန်းငယ်နှင့် မျက်စိစစ်ဆေးစမ်းသပ်မှုများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီးကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မကွေးတိုင်းပြည်သူ့ဆေးရုံကြီးမှဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ မကွေးသူနာပြုနှင့်သားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး နှင့် သင်တန်းသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ ၊ကြက်ခြေနီတပ်ဖွဲ့ဝင်များ WHO, INGO, CSO တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များစုစုပေါင်း(၃၅၀)ဦးကျော်တက်ရောက်ခဲ့ကြပါသည်။

ဖွင့်ပွဲအခမ်းအနားပြီးချိန်မှစ၍ မကွေးမြို့နယ်နှင့်အနီးတဝိုက်ရှိ မျက်စိဝေဒနာရှင်လူနာများအားမျက်ခမ်းစပ် နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း မှ မျက်စိအထူးကုဆရာဝန်ကြီးများကလိုအပ်သည်များကို စမ်းသပ်စစ်ဆေးပေးခဲ့ပြီး အခမဲ့ကုသမှုများကို ဆောင်ရွက်ပေးခဲ့ပါသည်။